21.5.2005,(8:00am)9

တိုင်းပြည်က နေပြီးတော့မှ မပြန်ရဘူး။ အဲဒီပေါရိသာဒ အခု သွားဖမ်းမယ်။ တပ်ချီပြီးတော့ ဖမ်းမယ်။ မပြန်ရဘူး။ ပြန်မယ်တဲ့။ စကား တစ်လုံး အပျက်မခံနိုင်ဘူး။ အဲသည်မှာ လိုက်ကြ တာ စစ်သည်ဗိုလ်ပါ များစွာနဲ့။ လိုက်တော့ သုတသောမမင်း နောက်က။ နောက်လမ်း တဝက် လောက်ကျတော့ စည်းသုံးတန်တားတယ်။ အဲသည်စည်းသုံး တန်ကျော်တဲ့ ပုဂ္ဂိုလ်ငါ့ ရန်သူ။ ဘယ်သူမှ မလိုက်ရဲဘူး။ ငိုလို့နေရစ်ကျတော့တာ။ကျော်ရင် စည်းသုံး တန်ကျော်တဲ့ ပုဂ္ဂိုလ် ငါ့ရန်သူ မလိုက်ရဲတော့ဘူး။ အနား ရောက်တော့ ချွတ်ချွတ်သံကြား လှည့်ကြည့် တော့- ကွာ သေရမည့် လူက ဘယ်နဲ့ လာပါလိမ့်မလဲ။ ဘယ်လိုများ လာပါလိမ့်မလဲ။ သေရ မယ့်လူ။ ဧကန်မုချ လေးပါဒ သော တရားကို ကြားခဲ့ရတာ။ အသေ မကြောက်တဲ့ တရား ရှိမှာ။ ပေါရိသာဒက တွေးတော့တာ။ ဆရာ ကြားခဲ့ နာခဲ့ရလား။ နာခဲ့ရတယ်။ ဘယ်လောက် များ ချီးမြောက်ခဲ့သလဲ။ တစ်ပါဒကို တစ်ထောင်။ လေးပါဒ လေးထောင် ပေးခဲ့ရတယ်။ အဲသည် တရားလေး ဟောစမ်းပါ ဆရာရဲ့။ မင်းနဲ့ မတော်ဘူးတဲ့။ မင်းက လူသား စားတဲ့လူ။ သည်တရားက လူသားစားသူတွေကို ဟောလို့ မကိုက်ဘူး။ မတော်ဘူး ဟောလို့မဖြစ်ဘူး။ ဟောချင်လှပြီ။ ပရိယာယ် လုပ်ရတာ။ ဟောသာ ဟောစမ်းပါ ဆရာရယ်။ ကြားရင်းနာရင်းနဲ့ လိမ်မာသွားမှာပါ။ ကြားရင်း နာရင်းနဲ့ ။ ဟောသာ ဟောစမ်းပါ။ အဲသလို။

ဟောတော့ကာ။ ကဲ ဟောမယ်။ မင်းသေသေချာချာနာ။ သေသေချာချာနာမယ်။ ဟောတော့ လေးပါဒ အကျိုးအပြစ်တွေ ဟောတော့တာ။ သဘောကျပြီ။ ကျေနပ်ပြီ။ ကျုပ်က လေးပါဒကို ဆု ။တိုင်းပြည်က ထွက်ပြေးခဲ့တဲ့သူ ဆိုတော့ကာ တစ်ပြားမှ မပါဘူး။ ဆု လေးဆုတောင်း။ လေးဆု လေးဆု တောင်းလို့ ဖြစ်ပ့ါမလားကွယ်။ မင်းက မှောက်ချည်လှန်ချည်လူ ။ အခု တစ်မျိုး နောက်တဖုံ အမျိုးမျိုး ပျောင်းလွဲပြီးနေတာ မင်းက။ ကသိကအောင့် လုပ်တဲ့လူ။ မတောင်းပါရစေနဲ့။ တောင်းသာ တောင်းစမ်းပါ ဆရာရဲ့။ အသက်ကို အသေခံပေးပါမယ်။ တောင်းသာ တောင်းစမ်းပါ။ အသက်ကို အသေခံပေးမယ်။ အသက်ကို အသေခံပေးမယ်။ အေး တောင်းမယ်။ သည်နေ့ကစ ပေါရိသာဒ-အသင့်ကိုလေ အသက်ရာကျော် ရှည်တာ ငါ မြင်ချင်တယ်။ ပြည့်စေတဲ့။ ပေးမယ်။ ငါက သတ်ရမှာ ငါကို အသက်ရာကျော်ရှည်တာ မြင်ချင်တာတဲ့ ဘယ်လိုများ တောင်း ပါလိမ့်မလဲ။ ငါက သတ်ရမှာသူ့ကို။ အသက် ရာကျော် ရှည်တာ မြင်ချင်တယ်ဆိုတာ၊ သူက မယူတတ်ကွဲ့။ အသက်ရာကျော် ရှည်တာ မြင်ချင် တယ် ဆိုတာ မသတ်ပါနဲ့လို့ ပြောတာ။ သူက မသိဘဲကိုး။ ကြားလား။ မြင်ချင်ပါ တယ် ဆိုတာ မသတ်ပါနဲ့ပြောတာ။ ဟော ပေးတယ်တဲ့။ အခု ဖမ်းထားတဲ့ မင်းပေါင်းတစ်ရာ အခု ချက်ချင်းလွှတ်။ လွှတ်မယ်တဲ့။ ပေးတယ်။ အင်း လွှတ်တာတော့

ဟုတ်တယ်၊ ငါ့နားက မသွားရဘူး ဆို ခက်တယ်။ ကဲ- သူ့တိုင်းပြည် ပြန်ပို့စေ။ ပို့မယ်တဲ့။ ကဲ ဆု သုံးဆု။ တစ်ဆု က သည်နေ့ကစ လူကို မသတ်နဲ့။ လူသား မစားနဲ့။ ကွာ မပေးနိုင်ဘူး။ မပေးနိုင်ဘူး ။ ဒါ ကတော့ ကား။ မသတ်ဘဲ မနေနိုင်ဘူး။ မစားဘဲ မနေနိုင်ဘူး။ မပေးနိုင်ဘူး ဒါက။ အသက်ကို အသေခံ ပေးမယ်ဆို။ လေးပါဒ။ ငါ မတောင်းပါရစေနဲ့။လို့ အတန်တန် ငါ ပြောတာ။ အသက်ကို အသေခံ ပေးမယ်ဆို ငါတောင်းတာ။ မင်း အသက်အသေခံမယ် ပြောတာ စကားမိ သွားပြီ။ အင်း မထူးပါဘူးလေ။ သေလည်း သေတော့မှာပါ ကျုပ်က။ ပေး တော့မယ်။ ပေးတော့တာ။ အသက်လည်း လူသား မစားရင်ကျုပ်သေတော့မှာ။ ပေးတော့ မှာ။ ပေးတာနဲ့ ကဲ-ကဲ အားလုံးတိုင်းပြည် ပြန်မယ်။ မင်းလိုက်ခဲ့ရမယ်။ မလိုက်ပါရစေနဲ့ ဆရာရယ်။ မလိုက်ပါရစေနဲ့။ မင်း တိုင်းပြည်ကို အကျိုး အပြစ်တွေ ပြောပြီးတော့မှ ငါ ပြန်အပ်မယ်။ ကျုပ်တိုင်းပြည်က လူတွေက- လူတစ်ယောက်ကို ခဲတစ်လုံးနဲ့ ပစ်ရင် ကျုပ် အသားတွေ ဟာ တစ်ခုမှ ကျန်မှာ မဟုတ်ဘူး။ ကျန်မှာ မဟုတ်ဘူး။ ခဲ တစ်လုံးနဲ့ ပစ်ရင် ကျန်ဘူး တဲ့။ မင်းလို မိုက်တာ မဟုတ်ဘူး။ ကဲလိုက်ခဲ့။ ခေါ်သွားတော့တာ။

ခေါ်ပြီးတော့မှ အဲဒါနဲ့ မြို့ဝင်လို့ တခါတည်း ပေါရိသာဒ ပါတယ်ဆို တပ်တွေ အကုန် ပိတ်ချ ထားတော့တာ။ ငယ်ကျွန် နှစ်ယောက်နဲ့ သုတသောမမင်း။ သွား တံခါးမှူးကို ပြော လိုက်။ သုတသောမ မင်းလို့ပြော။ သွားပြောလိုက်။ ဖွင့်လိုက်။ ပြောတော့တာ ဖွင့်ပေးပါ။ မင်းလေး လာခဲ့။ စစ်သူကြီး လာခဲ့။ ဝန်ကြီးတွေလာခဲ့။ အခု မင်းလေးရဲ့ရာထူး ဘယ်သူ ပေးတာလဲ။ ပေါရိသာဒ ပေးတာ။ အခု စစ်သူကြီး ရာထူး ဘယ်သူ ပေးတာလဲ။ ပေါရိသာဒ ပေးတာ။ ဝန်ကြီးတွေ --- ။ ပေါရိသာဒ ပေးတာ။ အဲဒီ အာဏာ ပြန်အပ်နိုင်မလား။ အပ်ပါမယ်။ ဟိုတုန်း က ပေါရိသာဒ မဟုတ်ဘူး။ အခု အကုန်လုံး လိမ္မာပြီ။ ပြန်အပ်မယ်။ အဲသည် ကျေးဇူးတွေ။ အဲဒါနဲ့ ဟိုက ခေါ်တဲ့ အခါမှာ မလိုက်ပါရစေနဲ့။ မင်းတိုင်းပြည်မှာ အကျိုး အပြစ် တွေ ပြောလို့ မှ မရဘူး ဆိုရင်။ ငါအုပ်ချုပ်တဲ့ တိုင်းပြည်က တစ်ဝက် ပေးမယ်။ စည်းစိမ်ကို။ ငါအုပ်ချုပ်တဲ့ တိုင်းပြည်က တစ်ဝက် ပေးမယ်။ ကြားလား။ သုတသောမမင်းက။ အဲလို။ အဲဒါလိုက်တော့ တိုင်းပြည်ပြန်အပ်တယ်။

အဲဒီမှာ လူတွေက သစ်ပင်ပေါ်က ကြိုးနဲ့ချည်ထားတော့ကာ ညောင်းလို့။ လွှတ်လိုက်ရင် အောက် ကို လဲကျသွားတော့မှာ။ ပွေ့လို့ တစ်ယောက်က ဖြည်(ဖြေ) တစ်ယောက်က ပွေ့ရတာ။ အဲသည်မှာ အနာတွေဟာ- ဟော ဘယ်တွေ လုပ်သလဲဆို တော့ကား ကတိသစ္စာ မှန်သောအခါ ဩဇာ လက်နက် ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင် ဆေးဘက်ဝင်တယ် ဆိုပြီးတော့မှ ။ သစ်ပင်ကို နုတ်ပြီးတော့မှ အမြစ်ကို သွေးပြီးမှ လိမ်းတာ ရောဂါတွေ ပျောက်ပါတကား ကွဲ့။ ဟင် အဲဒါ

21.5.2005,(8:00am)11

သီလဗျာ့၊ ကတိဗျာ့။ ကတိ သစ္စာ မှန်သောအခါ ဩဇာလက်နက် ပေါ်ဆီ တက်၍ နွယ်မြက်သစ်ပင် ဆေးဘက်ဝင်ပါသတဲ့ဗျား ကြားလား။အဲဒါ အတုယူဖို့ မကောင်းဘူး လား စဉ်းစား။ စဉ်းစား။ ပေါရိသာဒဟာ သုတသောမမင်း ချွတ်တာ။ အဲသည် ဟိုကနေပြီးတော့မှ အဲတိုင်းပြည်မှာ (ဟိုဒင်း ပြုပြီး) ဘီလူးကြီး ဖြစ်တုန်းက။ အဲသည်တုန်းကလည်း ဟိုက ဘုရားအလောင်း၊ မျက်မမြင် အဲသည်သားက နေပြီးတော့မှချွတ်တာ။ အဲဒီက ကျွတ်လို့ တခါတည်း သေဆုံးသွားတဲ့ အခါမှ ပေါရိသာဒ။ ပေါရိသာဒဘဝက သေ--တဲ့ အခါကျ ၊အင်္ဂုလိမာလဖြစ်။ သုတ သောမမင်းက ဘုရား ဖြစ်။ ဘုရားနဲ့ ၊ အင်္ဂုလိမာလနဲ့ တွေ့တော့ ကျွတ်ပြန်တော့တာဗျာ့။ ကြားလား။ အဲလိုစိစစ်ဖို့ မကောင်းဘူးလား ။သိမှ ပယ်နိုင်တာနော်။

<u>ဝေဒနာကျော်</u>

ဝေဒနာပစ္စယာ တဏှာ။ သညာပစ္စယာ တဏှာ။ သင်္ခါရပစ္စယာ တဏှာ။ ဝိညာဏပစ္စယာ တဏှာ။ ရူပပစ္စယာ တဏှာ။ ဟော-သူ့ကို မြင်ရတာ ရေစက်နီးတယ်။ မလာဘူးလား။ ဘယ်အပေါ်မှာ ဖြစ်တာလဲ စဉ်းစားနော်။ အဆင်း ရူပက္ခန္ဓာမှာ အမျိုးသမီးလေး အနေနဲ့ မြင်တာ။ အမျိုးသားလေး အနေနဲ့ မြင်တော့။ သူ့ကိုမြင်ရတာ ရေစက်နီးတယ်လို့ မလာဘူး လား။ ဟော နစ်က သုံးကို ကူးတော့တာကွဲ့။ စဉ်းစားဖို့ မကောင်းဘူးလား။ အဆင်း ရူပက္ခန္ဓာလို့သိ။ အဲသည် အဆင်း ရူပက္ခန္ဓာ ရုပ်တရားကြီးက ချောင်းထဲ မြစ်ထဲမှာ ရေမြှုပ်ကြီးနဲ့ တူတယ်လို့ မဟောဘူးလား။ ရေမြှုပ်ကြီးနဲ့ တူတယ်ဆိုရင် သူ့အပေါ်မှာ ချစ်စရာ ပါရဲ့လား။ မုန်းစရာကား ပါရဲ့လား။ ချစ်ခြင်း မုန်းခြင်း မလွတ်ဘူးလား။ အနှစ်သာရ ကား ရှိရဲ့လား။ အဲသလိုကို အနှစ်သာရလည်း မရှိ ချစ်ခြင်း မုန်းခြင်းလည်း လွတ်တယ်ဆို တော့ လိုချင် နှစ်သက်တဲ့ တဏှာ လာဦးမလား။ ဟော ရူပက္ခန္ဓာလို့ သိ။ အနိစ္စလို့သိ။ ရူပက္ခန္ဓာကို ရေမြှုပ်ကြီးလို သိတော့တာနော်။ အနိစ္စ သိတယ်ဆိုတော့ သာယာ စရာ နှစ်သက်စရာ လိုသေးသလား။ နစ်က သုံးကို ကူးရဲ့လား။ အဲဒါလိုရင်း အချက်တွေ။ တဏှာ သေဖို့ လိုတာ။ ရူပက္ခန္ဓာ နစ်က သုံးကို မကူးရင် ရူပက္ခန္ဓာနိရောဓာ တဏှာနိရောဓော။

ကဲ စားသုံးတဲ့အခါ ဆိုးကောင်းနစ်ပါး ခံစားတာ လူလား ဝေဒနာ။ နတ်လား ဝေဒနာ။ ဗြဟ္မာလား ဝေဒနာ။ ဝေဒနာနော်။ ကဲ ဝေဒနာလို့သိတဲ့အခါ လူကား တွေ့ရဲ့လား။ နတ်ကား တွေ့ရဲ့လား။ ဗြဟ္မာကား တွေ့ရဲ့လား။ ပုဂ္ဂိုလ်သတ္တဝါ တွေ့ရဲ့လား။ တွေ့တာ လူနတ်ဗြဟ္မာ လား ဝေဒနာ။ ဝေဒနာပဲ တွေ့တယ်။ အဲသည်ဝေဒနာက ခံစားပြီးတော့ မပျက်လား။ ပျက်ရင် ဝေဒနာ တွေ့ သလား။ မရှိတာ တွေ့သလား။ မရှိတာ အနိစ္စလို့ မဟောဘူးလား။ သိတာ မဂ္ဂလို့ မဟောဘူးလား။ နစ်က သုံးကို ကူးသေးရဲ့လား။ ဝေဒနာနိရောဓာ တဏှာနိရောဓော ။ အဲဒါ ဝေဒနာက အနိစ္စလို့

ပြလို့ အနိစ္စ သိတာ။ ကဲ-တဏှာ လာသေးရဲ့လား။ အဲဒါ ဝေဒနာ ကျော်တယ်လို့ ပြောတာဗျား။ စဉ်းစား။

အဲသည် ဝေဒနာပျက်တော့ နောက်ဝေဒနာ အစားထိုးတယ်။ သညာပျက်တော့ သညာ အစားထိုးတယ်။ သင်္ခါရက္ခန္ဓာ ပျက်တော့ သင်္ခါရက္ခန္ဓာ အစားထိုးတယ်။ ဝိညာဏက္ခန္ဓာ ပျက်တော့ ဝိညာဏက္ခန္ဓာ အစားထိုးတယ်။ ရုပ်ပျက်တော့ ရုပ်အစားထိုးတယ်လို့ မဟော ဘူးလား။ ဒါကြောင့် မရှိတာ အနိစ္စ။ အစားထိုးတာ သင်္ခါရ။ မရှိတာ အနိစ္စ။ အစားထိုးတာ သင်္ခါရ ဒီလို သိဖို့ မလိုဘူးလား။ သိတဲ့အခါ နှစ်က သုံးကိုကူးသေးရဲ့လား။ အဲလို လေ့လာဖို့ မလိုဘူးလား။ အဲတာ မြင်ဆဲကို(၂)၊ ကြားဆဲကို(၂)၊ နံ့ဆဲကို(၂)၊ စားဆဲကို(၂)၊ထိဆဲကို(၂)၊ ကြံဆဲကို(၂)။ ကဲ(၂) က (၃)ကို မကူးတော့ဘူး။ အဲလို လေ့လာဖို့ မလိုဘူးလား။ စဉ်းစား။

<u>ဒုက္ခဝေဒနာ ဒုက္ခသစ္စာ။</u>

အဲဒါ ကြားဝင်လို့ အစပ်ကို ဖြတ်တာဗျား။ ကြားလား။ ကဲ ဝေဿန္တရာမင်းလက်ထက်က ကုသိုလ် ကောင်းမှု ထမင်းရည် ချောင်းစီးအောင် လှူတယ်ဆိုတာ မကြားဖူးဘူးလား။ သူ လှူတဲ့ ကုသိုလ်က ဘဝ အဆက်ဆက် အကျိုးပေးလို့ မကုန်နိုင်အောင် အဲလောက် ကြီးကျယ်အောင် လှူခဲ့တယ်။ အဲဒါကြောင့်မို့လို့ အဲသည်တရားတွေဟာ ဆက်လို့ရတယ်။ ဖြတ်လို့ ရတယ်လို့ မိုးကုတ် ဆရာတော်ဘုရား မဟောဘူးလား။ ဆက်မယ်ဆိုရင် သုံးဆယ့် တစ်ဘုံက မထွက်တော့ဘူးနော်။ ဖြတ်မယ်ဆိုရင်လည်း (၂)က(၃)ကိုကူးသေးသလား။

ဝေဒနာလို့သိ အနိစ္စလို့သိ။ ဝေဒနာလို့ သိတော့ ဒိဋ္ဌိ မပြုတ်ဘူးလား။ ဒိဋ္ဌိပြုတ်ရင် ဗြဟ္မာကြီးတွေက ဖန်ဆင်းတယ်။ ထာဝရဘုရား ဖန်ဆင်းတယ်။ ဗိဿနိုးနတ် ဖန်ဆင်းတယ်လို့ ယူဦး မလား။ ဝိစိကိစ္ဆာ မချုပ်ဘူးလား။ အဲဒါ အဝိဇ္ဇာချုပ်တာကွဲ့။ ဒါကြောင့် ဒိဋ္ဌိ အဝိဇ္ဇာ ပြတ်ကင်း ကွာ မှတ်ပါ သောတာပန်။ ဒိဋ္ဌိ အဝိဇ္ဇာ ပြတ်ကင်းကွာ မှတ်ပါ သောတာပန်။ သောတာပန်။ ကဲ အနိစ္စ။ ခံစားပြီးတော့ မပျက်လား။ နိစ္စလား။ အနိစ္စလား။ အနိစ္စ မမြဲတဲ့ တရားသည် ချမ်းသာတဲ့ တရားလား၊ ဆင်းရဲတဲ့ တရားလား။ ဩော်- ဒီလို ဆိုတော့ကာ အနိစ္စဆိုတာ ဆင်းရဲတယ်လို့ သိဖို့ လိုတာကိုးကွဲ့။ မမြဲခြင်း တရားသည် ဆင်းရဲတယ်နော်။ ဆင်းရဲတဲ့ တရားကို သုခလို့ခေါ်မလား။ ဒုက္ခ။ ဩော် ဒုက္ခ။ အဲသည်ဒုက္ခတရားကို ပိုင်တဲ့ ပုဂ္ဂိုလ်များ ရှိရဲ့လား။ ပိုင်သူ ရှိရဲ့လား။သတ္တဝါ အလိုကား လိုက်ရဲ့လား။ အကြိုက်သို့ ပါရဲ့လား။ အနတ္တလို့ မဟောဘူလား။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ ဘယ်သူမှ မပိုင်ဘူး။ ပိုင်ရဲ့လား။ ဒါကြောင့် အနိစ္စ တွေ့ပြီ ဒုက္ခတွေ့ပြီ အနတ္တတွေ့ပြီ ဒါ-ပွားလို့သိတာ။

အနိစ္စ၊ ဒုက္ခ၊ အနတ္တကို တွေ့တဲ့အချိန်၊ သိတဲ့အချိန် နာမ်ရုပ် တွေ့သေးရဲ့လား။ ခန္ဓာငါးပါး တွေ့သေးရဲ့လား။ တီရက္ခာပရိညာ။ ခန္ဓာငါးပါးကို တွေ့တဲ့အချိန် လူ နတ် ဗြဟ္မာ သတ္တဝါ တွေ့သေး ရဲ့လား။ မြို့၊ ရွာ၊ တိုင်းပြည်ကား တွေ့ရဲ့လား။ တွေ့တာက လူနတ်ဗြဟ္မာလား။ ခန္ဓာငါးပါး။ ဉာတပရိညာ။ ချုံ့လိုက်တော့ နာမ်၊ရုပ်ပေါ့။ လူ နတ် ဗြဟ္မာလား။ နာမ်နဲ့ရုပ်။ ဉာတပရိညာ။ ဒိဋ္ဌိ မပြုတ်လား။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တွေ့တဲ့အခါ နာမ်ရုပ်တွေ့သေးရဲ့လား။ တီရက္ခာပရိညာ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို စုလိုက်တော့ ဖြစ်ပျက်လို့ မဟောဘူးလား။ ဘာသစ္စာတဲ့လဲ ဟဲ့။ ချမ်းသာတဲ့ တရားလား၊ ဆင်းရဲတဲ့ တရား။ ဆင်းရဲတယ်လို့ အမှန်သိတာ ယထာဘူတဉာဏ် နော်။ ဆင်းရဲတယ် ဆိုတာ ချမ်းသာတာ ဟုတ်ရဲ့လား။ ဆင်းရဲတာနော်။ အဲသလို သိတော့ ဆင်းရဲတာ။

ဒါကြောင့် မြတ်စွာဘုရားက နဒီသောတော ဝိယ-မြစ်ရေများစီးသလို တဲ့။ မြစ်ရေများ ရပ်တယ်လို့ ရှိရဲ့လား။ တသွင်သွင်စီး ဆင်းနေတာနော်။ အခုလည်း ဖြစ်ပျက်၊ဖြစ်ပျက် ၊ဖြစ်ပျက် ဆိုတော့ ချမ်းသာတာ ပါရဲ့လား။ ဆင်းရဲတာနော်။ အခု ကျဉ်တယ်။ ကျဉ်တယ်ဆို တော့ မခံခက်ဘူးလား။ ဒုက္ခဝေဒနာ။ကဲ-နိုပ်ကြပြီ။နိုပ်ပြီးပြီ။ ဆေးလေးဘာလေး သုတ်တော့ အတော်လေး ကောင်း မလာဘူးလား။ ဟော သုခဝေဒနာ။ ကဲဒါ အမြဲတမ်းဖြစ်တာလား။ ဆယ်ခါ တစ်ခါ။ ကဲ ဟိုက နဒီသောတော ဝိယ ဆိုတာ အမြဲတမ်း ပျက်-ပျက်နေတာ။ အဲဒါ ဝေဒနာဗျ။ သစ္စာ မဟုတ်ဘူး။ သစ္စာဆိုတာ ဆင်းရဲတဲ့ တရား ဒုက္ခသစ္စာ။ အဲဒါက။ ဒါက ခံစားတာ ဝေဒနာ။ အဲလို စိစစ်ဖို့ မကောင်းလား။ အဲဒါကို ဒုက္ခသစ္စာလို့ ထင်နေတာ ဒုက္ခဝေဒနာဗျ၊ ဒုက္ခသစ္စာ မဟုတ်ဘူး။ ဆယ်ခါ့ တစ်ခါ ဖြစ်တာ။ ဆေးလေး လိမ်းတော့ ပျောက်သွား နိုပ်တော့ ပျောက်မသွားဘူးလား။ ဟိုက ဖြစ်ပျက်က ပျောက်တယ်လို့ ရှိရဲ့လား။ ဆင်းရဲတာက ပြောင်းရဲ့လား။ မပြောင်း။ မှန်နေခြင်း ကြောင့် ဒုက္ခသစ္စာ ပေါ့ဗျား။ အဲလို သိဖို့ မကောင်းဘူးလား။

ဆင်းရဲတယ်လို့ သိတဲ့တချိန်။ သူ့အပေါ်မှာ လိုချင်နှစ်သက်တဲ့ တဏှာ လာသေးရဲ့လား။ ဆင်းရဲ တယ်လို့ သိတယ်ဆိုက တည်းက လူချမ်းသာ။ နတ်ချမ်းသာ။ ဗြဟ္မာချမ်းသာ လို့ နလုံးသွင်း မှားတဲ့ အဝိဇ္ဇာ ချုပ် မချုပ်။ အဝိဇ္ဇာ ချုပ်ပြီနော်။ အဝိဇ္ဇာ ချုပ်ပြီ။ ဆင်းရဲတယ်လို့ သိတာက ဝိဇ္ဇာကိုး။ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ နလုံးသွင်း မှားတာက အဝိဇ္ဇာနော်။ အဲ-ဝိဇ္ဇာဆိုတာ ဒုက္ခသစ္စာ အမှန်ပိုင်းခြားသိတာ။ သမ္မာဒိဋ္ဌိ။ အဲဒါ ဝိဇ္ဇာလို့ မဟောဘူးလား။ အဲဒါ နေမင်းကြီး ထွက်တာနဲ့ မတူဘူးလား။ အလင်းရောင်ပေါ်တာ။ အလင်းရောင် ပေါ်တော့ အမှောင် မပျောက် လား။ ကဲ-အမှောင် ပျောက်တာ လူ ချမ်းသာလား။ ဒုက္ခသစ္စာ။ နတ်ချမ်းသာလား။ ဒုက္ခသစ္စာ။ ဗြဟ္မာ ချမ်းသာ လား။ ဒုက္ခသစ္စာ။ အမှန်သိပြီဗျာ့။

www.thitsarparamisociety.com



ဟိုတုန်းက လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာဆိုတော့ ဆင်းရဲတဲ့တရားက ဖုံးနေ တော့တာ။ လူချမ်းသာက ပညတ်၊ နတ်ချမ်းသာက ပညတ်၊ ဗြဟ္မာချမ်းသာက ပညတ်။ အဲဒီဆင်းရဲတဲ့ တရား ပရမတ်။ အဲဒါကို လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ ပညတ်က ဖုံးနေတာ။ ကဲ မမြင်ရတော့ ဘူးနော်။ ဒုက္ခသစ္စာ ပိုင်းခြားသိတော့ လူချမ်းသာ တွေ့တာလား။ ဒုက္ခသစ္စာ။ နတ်ချမ်းသာ တွေ့တာလား။ ဒုက္ခသစ္စာ။ ဗြဟ္မာချမ်းသာ တွေ့တာလား။ ဒုက္ခသစ္စာ။ ကဲ အမှန်သိတော့ အမှား မပျောက်လား။ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာ ချမ်းသာလို့ ယူဦးမလား။ အမှား ပျောက်ပြီနော်။ ဟော- အဲဒါ ယထာဘူတ ဉာဏ်။

ဒုတိယ ဆက်ပြီးတော့ ကြိုးစားပြီး အားထုတ်ဖို့ မကောင်းလား။ အဲသလို အားထုတ်တဲ့ အခါကျ ဒုတိယကျတော့ အသိဉာဏ်က ရင့်လာပြီနော်။ ဖြစ်ပျက် အားမထုတ်ဘူးလား။ ဖြစ်ပျက်ဘဲ ရတယ် နော်။ ဘာသစ္စာလဲ။ ဒုက္ခသစ္စာ။ အသိဉာဏ်က ရင့်လာတော့ ခန္ဓာက လွတ်ချင်တဲ့ စိတ်တွေ၊ ခန္ဓာက ကျွတ်ချင်တဲ့ စိတ်တွေ မပေါ်ဘူးလား။ နိဗ္ဗိန္ဒဉာဏ်လို့ မဟောဘူးလား။ အပြောအဆို၊ အနေ အထိုင်၊ အစားအသောက်၊ အဝတ်ကစ အနေအထိုင် တွေ မူပြောင်းမလာဘူးလား။ အခါတိုင်းက မိမိက ခန္ဓာမှာ အဝတ်အစား အမျိုးမျိုး ဆင်ယင် ပြီးတော့ ဝတ်တာ၊ သနပ်ခါး အမျိုးမျိုး လိမ်းပြီး တော့ နေတာ။ အဲသည်နေ့ကျတော့ နိဗ္ဗိန္ဒ ဉာဏ်။ ဩော်-ဒါတွေဟာ တစ်ခုမှ-ဘယ်လောက်ပဲ့ ပြုပြင်ဦးတော့ အိုးနာသေ မလွတ်ပါ တကားလို့ သိတော့ ပြင်ဦးမလား။ ဟော အရှက်လုံရင် တော်ပြီ။ ဒါပဲ သူ့မှာ မူပြောင်း မလာဘူးလား။ အစားအသောက်က လည်း မိမိက ဗိုက်ပြည့်ရင် တော်ပြီ။ ပြောင်း မလာဘူး လား။ နေတာထိုင်တာကလည်း မိုးလုံရင်၊ လေလုံရင် တော်ပြီ။ ပြောင်း မလာဘူး လား။ နိဗ္ဗိန္ဒ ဉာဏ်ကွဲ့။ အဲအခါတိုင်းနဲ့ တူရဲ့လား။အဲသလို ပြောင်းသွားတာ။

တတိယ ဆက်ကြိုးစား အားထုတ်။ ဖြစ်ပျက်လို့ မဟောဘူးလား။ ဘာသစ္စာလဲ။ ခြေအစ ခေါင်း အဆုံး တစ်ကိုယ်လုံး ရှာချင်သလိုရှာ သုခဆိုတဲ့တရား အပ်ဖျား တစ်ထောက်စာမျှ တွေ့ရဲ့လား။ အပ်ဖျား တထောက်စာမျှ သုခက မတွေ့တာ ရှိလို့လား။ မရှိလို့လား။ မရှိရင် ဒုက္ခ အတိလို့ မပိုင်းခြားလား။ ပိုင်းခြားလိုက်တဲ့ တစ်ချိန် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာ အာဇီဝ သီလမဂ္ဂင် သုံးပါး ဝင်တာ။ အဲဒါ သမုစ္ဆေဒသီလ။ အဲဒီသီလဟာ တရားရဲ့အဆီ လို့ ခေါ်တယ်။ အနှစ်လို့ ခေါ်တယ်။ ဒုက္ခသစ္စာ ပိုင်းခြားမှ ဝင်တာ။ ဘယ်လောက်ထိ အနှစ်သာရ ပြည့်သလဲ ဆိုတော့ လူ တစ်ယောက် ကို အဲသည်လူကို အရှက်ကွဲ လောက် အောင် အပုပ်ရည်သွင်းတဲ့ စကားမျိုး ပြော ကြည့်။ ပြန်ပြီးတော့ တုန့်ပြန်မယ်လို့ စိတ်ကူးရဲ့လား။ ဟော အာလွန်လျှာလွန်ကား ပြောသေး ရဲ့လား။ ခြေလွန် လက်လွန် ကော လုပ်သေးရဲ့လား။ အဲသလောက် အနှစ်ပြည့်တာကွဲ့။ လှုပ်လှုပ်ကို မရှိဘူး။ သီလက အဖိုးတန်တာကွဲ့။ ရှုဉာဏ် ငါးပါးနဲ့ ပေါင်းလိုက်တော့ ရှစ်ပါး မပြည့်လား။ ရှစ်ပါးပြည့်တဲ့

21.5.2005,(8:00am)15

အချိန် ခန္ဓာကား တွေ့သေး ရှဲလား။ ဖြစ်ပျက်ကား တွေ့သေးရှဲလား။ လောကုတ္တရာဇျ။ လောကုတ္တရာ ။ လောကုတ္တရာ။ နိဗ္ဗာန်ကို မျက်မှောက် ပြုတာ။
နိဗ္ဗာန်ဆိုတာ ဘာကို ခေါ်တာလဲ စဉ်းစားဖို့ မကောင်းဘူးလား။ ခန္ဓာမရှိတော့ မငြိမ်းလား။ ခန္ဓာရှိ ငြိမ်းပဲ့မလား။ ခန္ဓာ မရှိ တော့ ငြိမ်းတာနော်။ ကိလေသာ မရှိတော့ မအေးလား။ ကိလေသာကြောင့် ပူတာ။ ကဲ ကိလေသာချုပ်။ ခန္ဓာ မချုပ်ဘူး လား။ အဲဒါ ကိလေသာချုပ် ခန္ဓာချုပ်တာ နိဗ္ဗာန်။ နောက် ခန္ဓာ မလာတော့ဘူးနော်။ ရှိတဲ့ခန္ဓာကတော့ မလွတ်ဘူး။ ဒါက အကျိုးတရား -ဝိပါကဝဋ်။ (၂) အကွက်၊ (၄)အကွက် အကျိုးတရား။ အကျိုးတရား ဆိုတာ အကြောင်း မဟုတ်ဘူး။ သူက အကျိုး တရား သိရမှာ။ သိရမည့် တရား။ သိပယ်လို့ မဟော ဘူးလား။ ကဲ ဆင်းရဲတဲ့ တရားလို့ သိတော့ တဏှာ လာသေးရဲ့ လား။ ဉပါဒါန် လာသေးရဲ့ လား။ ကံ လာသေးရဲ့လား။ ပဋိစ္စသမုပ္ပါဒ် သုံးမျိုး မပြတ်လား။ နောက်ခန္ဓာ ဇာတ် မသိမ်း လား။ နိရောဓသစ္စာ။ အဲဒါ သမုစ္ဆေဒသီလ။
ပထမတော့ မြွေနဲ့ နွားနဲ့ပတ်ပြီးတော့မှ သီလနဲ့ ခံတာက သမာဒါနသီလ။ နောက်တစ်ခါ ယုန် လေး ရပြီးတော့မှ အဲဒီ ယုန်သားကို လေးပေါင် လေးလက်လုပ်ပြီးတော့မှ လေးနပ် ဆန်ပြုတ် ပြုတ်ပြီးတော့ ကျွေးဆိုတော့ အဲဒါ အတွေ့ကို ဆင်ခြင်တာ သမ္ပတ္တသီလ။ အခုဟာက ဒုက္ခသစ္စာ ပိုင်းခြားမှ သိတဲ့ဟာမို့လို့ သမုစ္ဆေဒသီလ။ ကဲ တူရဲ့လားဟေ့။ အဲ အဲဒီ သီလကမှ အနှစ် ပြည့်တာ။ ခန္ဓာကိုသာ စွန့်တော့မယ်။ သီလကိုတော့ အပျက်မခံတော့ဘူး။ ကြားလား။ အဲဒီနေရာ ရောက် အောင် ကြိုးစားရမှာ နော်။
ကဲ ကြားဆဲ ခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ။ (ဒုက္ခသစ္စာပါဘုရား။) သိတာက ။(မဂ္ဂသစ္စာ ပါဘုရား။) သေတာက ။(သမုဒယသစ္စာ ပါဘုရား။) နောက်ခန္ဓာမလာတာ ။(နိရောဓသစ္စာ ပါဘုရား။) ပဋိစ္စသမုပ္ပါဒ် အကွက်ဘယ်နစ်ကွက်ရှိ (လေးကွက် ရှိပါ တယ်ဘုရား။) တစ်ကွက် လျှင် ဘယ်နှစ်ပါး။ (ငါးပါးပါဘုရား။) ငါး လေးလီ။(နှစ်ဆယ်။) ဤရှစ်သွယ်ကို ။(အလွယ် ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း။)
သာဓု-သာဓု-သာဓု။

.............................................................................................................

ဩဝါဒ။...။ အင်း-ခန္ဓာ ကို ကောင်းတယ်လို့ ထင်တာ မကောင်းဘူးဟေ့။ ဘုရားက တခုမှ မကောင်းဘူးလို့ ၊ဘုရားဟောတာ မှန်လိုက်တာ။ ပြင်ရတာ ကားအိုလိုနေတော့တာ ဟဲ့။ကားအိုလို။ ဟိုနားက ပြင်လိုက်ရ ဒီက ပြင်လိုက်ရ။ ဒီက ကောင်းပြီ ဘယ်ဘက်က-ဘယ်ဘက်က။ ခန္ဓာ ကို တခုမှ မကောင်းဘူးလို့သိရင် သာယာနစ်သက်တဲ့ တဏှာ လာပါမလား။ မလာ ကြွားချင်တဲ့

21.5.2005,(8:00am)16

စိတ်တွေ ပေါ်ဦးမလား။ အဲလို ကြည့်ရမှာ ကွဲ့။ကြားလား။ ခန္ဓာ ရဲ့ အကျိုးအပြစ်ကို မသိတော့ ကြွားချင်သေးတာ။